Legal Aid Network

ဥပဒေ အထောက်အကူပြုကွန်ရက်

Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

## မြန်မာနိုင်ငံရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးပြဿနာများအား ဥပဒေစိုးမိုးရေးရှုထောင့်မှ သုံးသပ်သည့်ထုတ်ပြန်ချက် (၁)

### ၁၉၅၁ ခုနှစ် ရွေးကောက်ပွဲနောက်ခံအခြေအနေများနှင့် နှိုင်းယှဉ်တင်ပြခြင်း။

၁။ စစ်ကောင်စီသည် ၎င်းကိုယ်တိုင်၏ နိုင်ငံရေးအကြပ်အတည်းထွက်ပေါက်အနေဖြင့် မြော်မှန်း၍လည်းကောင်း၊ တရုတ်နိုင်ငံ၏ဖိအားအရလည်းကောင်း ရွေးကောက်ပွဲအားမဖြစ်မနေကျင်းပရန် ကြိုးပမ်းလျက်ရှိကြောင်းတွေ့ရသည်။ ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ပြယုဂ်ဖြစ်သည်။ တရားဝင်အုပ်စိုးမှုရနိုင်ရန် အထောက်အပံ့ဖြစ်သည်။ အခြေခံလူထုပါဝင်ပတ်သက်မှုရှိသော နိုင်ငံရေးဟုလည်းဆိုနိုင်သည်။ စစ်ကောင်စီကစီစဉ်၊ ခင်းကျင်းလျက်ရှိသော ရွေးကောက်ပွဲမှာမူ အတုအယောင်သာဖြစ်သဖြင့် ဆန့်ကျင်ကြရန် စစ်အာဏာရှင်စနစ်ကို တိုက်ပွဲဝင်လျက်ရှိကြသော နိုင်ငံရေးအင်အားစုများ၏ တိုက်တွန်းချက်ကို တွေ့ရသည်။[1] ဤသည်ကို လက်ခံသင့်ပါသည်။ သို့ရာတွင် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ အခြေခံအားဖြင့် တိုင်းရင်းသားပေါင်းစုံလူထုများ သိသင့်သိထိုက်သောနောက်ခံအသေးစိတ်အနေအထားများ မပါရှိချေ။ ဤကွက်လပ်ကို ဖြည့်ဆည်းနိုင်ရန်အတွက် ဥပဒေအထောက်အကူပြုကွန်ရက်က တဆင့်ပြီးတဆင့် ကြိုးပမ်းသွားရန်ရည်စူးပါသည်။

၂။ မြန်မာနိုင်ငံသမိုင်းကြောင်းတလျှောက်တွင် ရွေးကောက်ပွဲသည် နိုင်ငံရေးပြဿနာအပါအဝင် ပြဿနာအမျိုးမျိုးနှင့်ကြုံတွေ့ခဲ့ရသည်။ တိုင်းပြည်လွတ်လပ်ရေးရအပြီး ၁၉၅၁ ခုနှစ် ဇွန်လထဲတွင် ပထမဆုံးအကြိမ်ကျင်းပခဲ့သော ပါလီမန်ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှစတင်၍ ဖြစ်သည်။ တပြည်လုံးတပြိုင်နက်မကျင်းပနိုင်ခဲ့။ ဆာဘဦးခေါင်းဆောင်ပြီး ဦးအေးမောင်ပါဝင်သည့် ရွေးကောက်ပွဲ

[1] အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီနှင့် အမျိုးသားညီညွတ်ရေးအစိုးရတို့ပူးပေါင်းဖွဲ့စည်းထားသည့် တရားမဝင်အတုအယောင်ရွေးကောက်ပွဲဆန့်ကျင်ရေး ပူးပေါင်းလုပ်ငန်းကော်မတီ၏ ထုတ်ပြန်ချက်။ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၅ရက်။ https://www.facebook.com/share/p/1Y2FedQfrE/

ကော်မရှင်က ရွေးကောက်ပွဲ ကျင်းပနိုင်ပြီဟု သတ်မှတ်သောနယ်မြေများတွင်သာ တနယ်ပြီးတနယ် ကျင်းပခဲ့ရခြင်းဖြစ်သည်။[2]

၃။ ၁၉၅၁ ခုနှစ်တွင် ရွေးကောက်ပွဲကော်မရှင်က ဖဆပလ အစိုးရနိုင်ခြေရှိသော နယ်မြေများကိုသာ ဦးစွာသတ် မှတ်ပေးကာ သုံးရစ်ခွဲပြီးကျင်းပစေခဲ့ကြောင်း၊ ဒေသတခုမှာရှုံးခဲ့သော ဖဆပလ အမတ်လောင်းကို နောက်ဒေသ တခုသို့ရွှေ့ပြောင်းရွေးကောက်ခံစေပြီး မနိုင်နိုင်အောင် လုပ်ပေးခဲ့ကြောင်း၊ ခါးပိုက်ဆောင် (UMP) တပ်၊ ကာကွယ်ရေးတပ်များသာမက တပ်မတော်ကိုယ်တိုင်ကလည်း ဖဆပလ (ဆိုရှယ်လစ်ဘက်က) ကူခဲ့၊ ထောက်ပံ့ခဲ့ကြကြောင်း သိရသည်။[3] ယခုချိန်တွင် စစ်ကောင်စီသည် ၂၀၂၅ နှစ်ကုန် (သို့မဟုတ်) ၂၀၂၆ နှစ်စခန့်တွင် ကျင်းပနိုင်လောက်သည့် ရွေးကောက်ပွဲတွင် ၁၉၅၁ ခုနှစ်က ရွေးကောက်ပွဲအချိုးမျိုး ချိုးလျက်ရှိသည်။ ထို့ထက်ပို၍ဆိုးမည်မှာ သေချာသလောက်ပင်။ အောက်ပါအခြေအနေများကြောင့်ဖြစ်သည်။

| ၁၉၅၁ ခုနှစ်က အခြေအနေ | လက်ရှိအခြေအနေ |
|---|---|
| (က) နိုင်ငံရေးအရ လွတ်လပ်မှုရှိခဲ့သည်။ | (က) တပ်မတော်က အာဏာသိမ်းသည့်အောက် တွင် နိုင်ငံရေးအရထိန်းချုပ်ခံနေရသည်။ |
| (ခ) အစိုးရသက်တမ်းကုန်ဆုံး၍ ရွေးကောက်ပွဲအသစ်ပြန်လည်ကျင်းပရန်လိုအပ်ခြင်း။ | (ခ) စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက်ရွေးကောက်ပွဲကို အသုံးချလိုခြင်း။ |
| (ဂ) ၁၉၄၇ ဖွဲ့စည်းပုံနောက်ခံတွင် လွတ်လပ်စွာထုတ်ဖော်ခွင့်၊ စည်းရုံးခွင့်၊ စုဝေးခွင့်၊ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ စီတန်းလှည့်လည်ခွင့်တို့ရှိခဲ့သည်။ | (ဂ) ၂၀၀၈ ဖွဲ့စည်းပုံနောက်ခံတွင် ၎င်းအခွင့်အရေးများ ရုပ်သိမ်းခံနေရသည်။ |
| (ဃ)လွတ်လပ်သောတရားစီရင်ရေးတည်ရှိခဲ့ သည်။ | (ဃ) လက်ရှိတရားစီရင်ရေးသည် စစ်ကောင်စီအောက်တွင် ပြားပြားမှောက်လျက်ရှိသည်။ |
| (င) သတင်းမီဒီယာများ လွတ်လပ်ခဲ့သည်။ | (င) သတင်းမီဒီယာများ တင်းကြပ်စွာချုပ်ကိုင်ခံနေရသည်။ |
| (စ) တပ်မတော်သည် အရပ်သားအစိုးရ၏ ကွပ်ကဲမှုအောက်တွင် လည်ပတ်ခဲ့ရသည်။ | (စ) တပ်မတော်ကိုယ်တိုင်က အာဏာသိမ်းအုပ်ချုပ်နေပြီး မည်သည့်ကွပ်ကဲမှုမျှမရှိဘဲ ထင်ရာစိုင်းကာ မိုက်ရိုင်းလျက်ရှိသည်။ |
| (ဆ) အာဏာရဖဆပလ အစိုးရသည် နိုင်ငံတကာ အဆင့်ဆိုးဝါးပြင်းထန်သော ပြစ်မှုကြီးများအားဆန့်ကျင်ကျူးလွန်ကြောင်း စွပ်စွဲခံရခြင်းမရှိခဲ့။ | (ဆ) စစ်ကောင်စီသည် ရိုဟင်ဂျာလူထုအပါအဝင် တိုင်းရင်းသားပေါင်းစုံပြည်သူလူထုတရပ်လုံးအပေါ် နိုင်ငံတကာ အဆင့်ဆိုးဝါးပြင်းထန်သော ပြစ်မှုကြီးများ ကျူးလွန်ခြင်းကြောင့် နိုင်ငံတကာတရားရုံးများ၌တရား စွဲဆိုခံရခြင်း။ |

ပန်ကြားချက်

လာမည့်ရွေးကောက်ပွဲအား တော်လှန်အင်အားစုများ၊ တိုင်းရင်းသားပေါင်းစုံလူထုများအနေဖြင့် ပေါ့ပေါ့သဘောမထားသင့်။ သာမန်ကန့်ကွက်မှုမျိုးဖြင့် မလုံလောက်။ စစ်ကောင်စီအနေဖြင့် ၎င်းလွှမ်းမိုးထားနိုင်သောနယ်မြေများအပေါ် အခြေပြု၍ပင် တရားဝင်အုပ်ချုပ်မှု (Legitimacy) ရသွားနိုင်သည်။ တရားဝင်အစိုးရဟူ၍ ကြော်ငြာကာတပြည်လုံးရှိမြေယာနှင့် သယံဇာတများအား ၎င်းအာဏာတည်မြဲရေးအတွက် နိုင်ငံခြားတိုင်းပြည်များ၊ ကုမ္ပဏီများသို့ ရောင်းချနိုင်သည်။ တရားဝင်အစိုးရအနေဖြင့် စစ်မှုထမ်းဥပဒေကိုယခုထက် ပို၍အသုံးပြု၊ စစ်သည်အင်အားများကို လိုအပ်သည်ထက်ပို၍စုဆောင်းကာ ခုခံစစ်ဆင်တော်လှန်ရေးအင်အားစုများအား ချေမှုန်းနိုင်ရေးအတွက် ပိုမိုရက်စက်စွာကြိုးပမ်းလာနိုင်သည်။ ကုလသမဂ္ဂ သံအမတ်ကြီးဦးကျော်မိုးထွန်းအား ဖယ်ထုတ်လာနိုင်သည်။ PDFs များကို NUG ၏ ကွပ်ကဲမှုအောက်ကနေခွဲထုတ်ပြီး တရားဝင်အစိုးရအနေဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးရာထူးနေရာများဖြင့် ကမ်းလှမ်း၊ စီးပွားရေးလုပ်ပိုင်ခွင့်များချပေးကာ စည်းရုံးသွားနိုင်သည်။

သို့ဖြစ်၍ စစ်အာဏာရှင်စနစ်ကို အမြစ်ပြုတ်တိုက်ပြီး တိုင်းရင်းသားပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး အတွက်သော်လည်းကောင်း၊ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုနိုင်ငံသစ်ကို တည်ဆောက်နိုင်ရေး အတွက်သော်လည်းကောင်း၊ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသော နိုင်ငံရေးအင်အားစုကြီးများ၊ ခုခံစစ်ဆင် တိုက်ပွဲဝင်နေကြသော တော်လှန်ရေးအင်အားစုများ၊ တိုင်းရင်းသားပေါင်းစုံ လူထုများအနေဖြင့် စစ်ကောင်စီ၏ရွေးကောက်ပွဲကို တိုက်ဖျက်သည့်လုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်ကြစေလိုပါသည်။ တပြိုင်နက်တည်းမှာပင် မိမိတို့မြော်မှန်းသည့် နိုင်ငံရေးရည်မှန်းချက်များအား ဒေသရပ်ဝန်း၊ ပြည်နယ်တခုချင်းစီအတွင်းမှာ သာမက ပြည်ထောင်စုနိုင်ငံတဝှမ်းလုံးလွှမ်းခြုံသည်အထိ ဘုံလုပ်ငန်းစဉ်များ ပေါ်ပေါက်လာစေရေးအတွက် အင်တိုက်အားတိုက်ဆောင်ရွက်ကြရန် ပန်ကြားအပ်ပါသည်။

**ဥပဒေအထောက်အကူပြုကွန်ရက်** **၀၉ ရက်၊ ဇူလိုင်လ၊ ၂၀၂၅ ခုနှစ်။**


အသေးစိတ်သိလိုပါက ဆက်သွယ်ရန်

ဦးအောင်ထူး၊ လူ့အခွင့်အရေးရှေ့နေ၊ ဥပဒေအထောက်အကူပြုကွန်ရက်တည်ထောင်သူ။

ဦးကျော်ကျော်၊ မဟာဗျူဟာနှင့် မူဝါဒရေးရာအတိုင်ပင်ခံ

တယ်လီဖုန်း - ၄၆ (၀) ၇၆၁၁၅၆၂၁၅

အီးမေးလ် - legalaidnetwork@gmail.com

ဝက်ဘ်ဆိုက် - legalaidnetwork.org